**EliteSkyဂျပန်စာကျောင်း**

# တရားဝင် ပျက်ကွက်ခွင့်စည်းမျဉ်းစည်းကမ်းများဆိုင်ရာ

၂၀၂၅ခုနှစ်ဧပြီလ၁ရက်နေ့ထုတ်ပြန်ချက်

**တရားဝင်ခွင့် (Kouketsu) ရရှိနိုင်သည့် အကြောင်းအရာများ**

| | |
|---|---|
| ① စာမေးပွဲ/အင်တာဗျူးများ | .......ဝင်ခွင့်စာမေးပွဲ (Entrance Exam)၊ အလုပ်အင်တာဗျူး (Job Interview)၊ အဆင့်မြင့်ပညာရေးနေရာ၏ ဝင်ခွင့်မတိုင်မီ ရှင်းလင်းပွဲ (Orientation) စသည်တို့။<br>※ဝေးလံသောကျောင်းများဖြစ်ပါကစာမေးပွဲနေ့မတိုင်မီနှင့်ပြီးနောက်တစ်ရက်စီကို သွားလာရေးနေ့အဖြစ် တရားဝင်ခွင့် (Kouketsu) ရရှိနိုင်သည်။<br>ဝေးလံသည်ဆိုသည်မှာအခြေခံအားဖြင့်"တိုကျို၊ကာနာဂါဝါ၊ချီဘ၊ဆိုင်တမစီရင်စုများမှအပ" ဖြစ်ပါသည်။ |
| ② ကူးစက်ရောဂါများ | ကိုရိုနာပိုးတွေ့ရှိခြင်း (COVID-19 Positive)၊ တုပ်ကွေး (Influenza)၊ တီဘီ (Tuberculosis) စသည့် ဥပဒေအရ သတ်မှတ်သော ကူးစက်ရောဂါများ။<br>ဥပမာ:ကိုရိုနာပိုးတွေ့ရှိခြင်းသည်PCRစစ်ဆေးမှုပြုလုပ်၍ပိုးတွေ့ရှိကြောင်းစစ်ဆေးချက်ထွက်လာပါက၊ရောဂါစတင်ဖြစ်ပွားသည့်နေ့(လက္ခဏာစပေါ်သည့်နေ့)မှစ၍၅ရက်သည် တရားဝင်ခွင့်ရရှိနိုင်သောအချိန်ကာလဖြစ်ပါသည်။ |
| ③ အခြားအခြေအနေများ | သံရုံး (Embassy) သို့ သွားရောက်ရမည့်အခါ (အချိန်သတ်မှတ်ချက် ရှိမှသာ)<br>ရထားများရပ်တန့်နေသည့်အခါ<br>မိသားစုသေဆုံးမှုကြောင့်ခွင့်ယူခြင်း:<br>အဘိုး၊အဘွား၊မိဘ၊မောင်နှမများကွယ်လွန်ပါကကျောင်းတက်ရက်၅ရက်အတွင်းတရားဝင်ခွင့်ကိုခွင့်ပြုသည်။<br>★မင်္ဂလာပွဲ:မောင်နှမ၊သားသို့မဟုတ်သမီးတို့၏မင်္ဂလာပွဲရှိပါကကျောင်းတက်ရက်၃ရက်အတွင်းတရားဝင်ခွင့်ကိုခွင့်ပြုသည်။<br>★မိမိ၏ဘွဲ့နှင်းသဘင်စာမေးပွဲကိုမိခင်နိုင်ငံတွင်ဖြေဆိုရပါကကျောင်းတက်ရက်၅ရက်အတွင်းတရားဝင်ခွင့်ကိုခွင့်ပြုသည်။<br>အခြားသောအခြေအနေများ:ခိုးမှု၊ယာဉ်မတော်တဆမှု၊ဘေးအန္တရာယ်စသည်တို့ကြောင့် ကျောင်းအုပ်ကြီးမှအထူးခွင့်ပြုသည့်အခါများ။ |

※ ① (စာမေးပွဲ/အင်တာဗျူး) အတွက်၊ ၎င်းသည် "အချိန်သတ်မှတ်ထားပြီး၊ မဖြစ်မနေပါဝင်ရမည့်အရာများ"အတွက်သာကန့်သတ်ထားပါသည်။မိမိကိုယ်တိုင်အချိန်သတ်မှတ်နိုင်သောသို့မဟုတ်ပါဝင်ခြင်းမရှိဘဲဖြေဆိုနိုင်သောအရာများသည်အခြေခံအားဖြင့်တရားဝင်ခွင့် (Kouketsu) ရရှိမည်မဟုတ်ပါ။

※ ②(ကူးစက်ရောဂါ)အတွက်၊အနီးကပ်ထိတွေ့သူကိုသီးခြားသတ်မှတ်ခြင်းမရှိသည့်အတွက်တရားဝင်ခွင့်ရရှိမည်မဟုတ်ပါ။ (Mask)ကိုတပ်ဆင်၍ကျောင်းတက်ရပါမည်။

※②(ကူးစက်ရောဂါ)နှင့်စပ်လျဉ်း၍၊ကုသမှုကာလကျော်လွန်ပြီးနောက်တွင်လည်းရောဂါလက္ခဏာများဆက်ရှိနေပါကကျော

င်းသို့ဆွေးနွေးပါ။

အဖျားမှအပအခြားရောဂါလက္ခဏာများ(လည်ချောင်းနာခြင်းသို့မဟုတ်ချောင်းဆိုးခြင်းစသည်တို့)ကြောင့်နားပါကပျက်ကွက်ခြင်းဖြစ်မည်ဖြစ်သော်လည်း၊အခြားကူးစက်ရောဂါဖြစ်နိုင်ခြေရှိသောကြောင့်ဆေးကုသမှုခံယူရန်အတွက်ကျန်းမာရေးဌာန(ဆေးရုံ/ဆေးခန်း)သို့အမြန်ဆုံးသွားရောက်ပြသပါ။

## Kouketsuလျှောက်ထားပုံ

ကျောင်း၏ကောင်တာသို့သွားပြီးပျက်ကွက်ရသည့်အကြောင်းအရာအလိုက်ကြိုတင်၍သို့မဟုတ်နောက်မှလျှောက်လွှာဖြည့်ပါ။ထို့နောက်၊လိုအပ်သောအချက်အလက်များကိုတရားဝင်ခွင့်လျှောက်လွှာ(Kōketsutodoke)တွင်ဖြည့်သွင်း၍အောက်ပါပူးတွဲစာရွက်စာတမ်းများနှင့်အတူရုံးခန်းသို့ တင်သွင်းပါ။

① စာမေးပွဲ/အင်တာဗျူး

စာမေးပွဲကတ် (受験票) သို့မဟုတ် အင်တာဗျူး အကြောင်းကြားစာ အီးမေးလ်တို့သည် မဖြစ်မနေ လိုအပ်ပါသည်။
ထို့အပြင်၊ စာမေးပွဲ၏ "နေ့ရက်၊ အချိန်နှင့် နေရာ" ကို ဖော်ပြထားသည့် အထောက်အထားများအားလုံး (စာမေးပွဲကတ်တွင် မရေးထားပါက ခေါ်ယူရေး စည်းမျဉ်းစာအုပ်၏ သက်ဆိုင်ရာ စာမျက်နှာ ဓာတ်ပုံ စသည်) ကို ဓာတ်ပုံတစ်ပုံတည်း ရိုက်ယူပါ။

② ကိုရိုနာ ပိုးတွေ့ရှိခြင်း

PCR စစ်ဆေးမှု ပိုးတွေ့ရှိကြောင်း သိနိုင်သည့် အထောက်အထား။
တုပ်ကွေး၊ တီဘီ စသည့် ဥပဒေအရ သတ်မှတ်သော ကူးစက်ရောဂါများ အတွက် ဆေးစစ်ချက် (診断書) စသည်တို့။

③ အခြားအခြေအနေများ

| | |
|---|---|
| သံရုံးသို့ သွားရောက်ရခြင်း (အချိန်သတ်မှတ်ချက် ရှိမှသာ) | လက်ခံရရှိကြောင်းပြေစာ၊ အီးမေးလ် စသည်တို့။ |
| ရထားများ ရပ်တန့်နေခြင်း | ရထားနောက်ကျကြောင်း ထောက်ခံစာ (Chien Shōmeisho)။ |
| မိသားစုသေဆုံးမှုကြောင့်ခွင့်ယူခြင်း(အဘိုး၊အဘွား၊မိဘ၊မောင်နှမများကွယ်လွန်ပါက) | သေဆုံးကြောင်းဆေးလက်မှတ် (Shibō Shindansho)စသည်တို့။ |
| မင်္ဂလာပွဲ (မောင်နှမ၊ သား၊ သမီးတို့၏ မင်္ဂလာပွဲ ရှိပါက) | မင်္ဂလာဆောင်ဖိတ်ကြားလွှာ(Kekkonshiki Shōtaijō) စသည်တို့။ |